တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ (၁၃-၁၁-၂၀၂၆)

အစည်းအဝေးမှတ်တမ်း အကျဉ်းချုပ်

စဉ်	မေးခွန်းနှင့် အစီရင်ခံစာ	အဖြေနှင့် ဆုံးဖြတ်ချက်
၁	**ဦးနေလင်းအောင်၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်**က မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာဥပဒေ (၂၀၁၅)အရ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် ရရှိရေးတို့အတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**အလုပ်သမားဝန်ကြီးဌာန**က ဂုဏ်သိက္ခာရှိသည့် အသက်မွေးဝမ်းကျောင်းဖြင့် ဘဝရပ်တည်နိုင်ရေး အလုပ်ရှင်များ၊ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်၍လည်းကောင်း၊ မဟာဗျူဟာ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၇)တွင် “လုပ်ငန်းနှင့် အလုပ်အကိုင်”ကို ကဏ္ဍတစ်ရပ်အနေဖြင့် ထည့်သွင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။
၂	**ဦးစိုင်းလောင်း၊ မိုင်းပျဉ်းမဲဆန္ဒနယ်**က မိုင်းပျဉ်း-မိုင်းဆတ်လမ်းပေါ်မှ ထမ်ယမ်း-မိုင်းပုကြီးကျေးရွာအုပ်စုသို့သွားသော ကျေးလက်ကုန်ထုတ်လမ်းဟောင်းအား မည်သည့်ဘဏ္ဍာနှစ်တွင် ပြန်လည်ပြုပြင်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**နယ်စပ်ရေးရာဝန်ကြီးဌာန**က လမ်းအဆင့်မြှင့်တင်နိုင်ရေးအတွက် မြေသားလမ်းတာချဲ့ခြင်းလုပ်ငန်းအား ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစ၍ အပိုင်းလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။
၃	**ဒေါ်ခင်နီနီအောင်၊ ကော့ကရိတ်မဲဆန္ဒနယ်**က မြန်မာ့စီးပွားရေးဘဏ်၊ ကော့ကရိတ်ဘဏ်ခွဲအား မည်သည့်ဘဏ္ဍာနှစ်တွင် အသစ်တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**က မြေနေရာလွဲပြောင်းရရှိပြီးပါက အဆောက်အဦးသစ်ဆောက်လုပ်နိုင်ရေး ဘဏ္ဍာနှစ်အလိုက် အသုံးစရိတ်တောင်းခံပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။

စဉ်	မေးခွန်းနှင့် အစီရင်ခံစာ	အဖြေနှင့် ဆုံးဖြတ်ချက်
၄	**ဦးတင်ထွန်းလွင်၊ ကလေးဝမဲဆန္ဒနယ်**က ကလေးဝမြို့နယ်၌ Solar System မြစ်ရေတင်လုပ်ငန်းကို မည်သည့်ဘဏ္ဍာနှစ်တွင် တပ်ဆင်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**နေပြည်တော်ကောင်စီ**က ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပြီး ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။
၅	**ဦးသန်းဝင်းထွန်း၊ ရွှေဘိုမဲဆန္ဒနယ်**က ရွှေဘိုမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ မဟာနန္ဒာကန်တော်ရေကို ရပ်ကွက်ကြီး(၁၀)တွင် ရေသုံးစွဲမှုအဆင်ပြေစေရေးအတွက် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**နေပြည်တော်ကောင်စီ**က ရေများပိုမိုဖြန့်ဝေနိုင်ရေး ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် ရေတွန်းစက် Pannel Board များအသစ်လဲခြင်း၊ ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်တွင် ဂါလံ(၁၀၀၀၀)ဆံ့ ကွန်ကရစ်ရေစင် (၂)ခုနှင့် ရေစက်ရုံ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။
၆	ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏အစီရင်ခံစာကို ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်း	ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏အစီရင်ခံစာကို ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးပြီး လွှတ်တော်က**အတည်ပြုကြောင်း** ကြေညာခဲ့သည်။